ဒီနေ့၊ ဧပြီလ ၁၀ ရက်နေ့ ကြီးကြပ်ရေးမှူး Carter ၏ Facebook Live ထုတ်လုပ်မှုမှ ကောက်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။ BCPS သည် ကျောင်းသားများအတွက် ကျန်နေသေးသောစာသင်နှစ်အတွက်ဆက်လက်ပညာသင်ကြားနိုင်ရန် "အိမ်တွင်သင်ကြားခြင်း At-Home Learning Plan" အစီအစဉ်ကို အွန်လိုင်း နှင့် အွန်လိုင်းမဟုတ်သော(offline) စသည့် သင်ကြားနည်းများနှစ်မျိုးဖြင့်ကျောင်းသားများအတွက်အခွင့်အရေးရရှိနိုင်ပါသည်။

အကျဉ်းချုပ်၊ ခြုံငုံသုံးသပ်ချက်။

BCPS ဆရာ/မများ နှင့် ဝန်ထမ်းများသည် ကျွန်ုပ်တို့၏ကျောင်းသားများနှင့်လူထုများကိုကူညီရန်ရှိနေကြပါသည်။ ဆရာများ နှင့် ဝန်ထမ်းများသည် ကျောင်းသားများ၏ အိမ်စာများစီစစ်ခြင်း၊
မိသားစုများ၏လိုအပ်ချက်များဖြည့်ဆည်းပေးခြင်း၊ ကျောင်းသားနှင့်မိသားစုများအကြားဆက်ဆံရေးပြေပြစ်အောင်
င်ရင်ကြားစေ့ပေးခြင်း နှင့် ဝန်ထမ်းအချင်းချင်းအကြားဆက် ဆံရေးခိုင်ခံမှုရှိအောင်တည်ဆောက်ခြင်း
စသည့်တာဝန်များထမ်းဆောင်ကြမှာဖြစ်ပါသည်။ ဆရာ/မများ နှင့် အခြားသော ဝန်ထမ်းများမှ သင်တို့မိသားစုထံသို့ အပတ်စဉ်ဆက်သွယ်မှုများပြုလုပ်ကြမှာဖြစ်ပါသည်။ ဆရာ/မများအနေဖြင့် ၎င်းတို့၏ ကျောင်းသားများနှင့်မိသားစုများကို မည်သို့ဆက်သွယ်ရမည်ဆိုတာသိရှိဖို့အင်မတန်မှအရေးကြီးပါသည်။ ထို့ကြောင့် ဒီတစ် ပတ်အတွင်း သင့်ရဲ့ဖုန်းနံပါတ်များ၊ သတင်းအချက်အလက်များ အပြောင်းအလဲရှိပါက၊ Skyward တွင်ပြန်ရေးပေးပါရန်မေ တ္တာရပ်ခံအပ်ပါသည်။

ယခုချိန်အထိ သင့်ကလေး၏ ဆရာ/မများထံမှ မည်သည့်သတင်းစကားမျှ မကြားရသေးဘူးဆိုရင်တောင်မှ ဧပြီလ ၂၀ ရက်နေ့မှစတင်၍ ကြားရမှာဖြစ်ပါသည်။ မိဘများနှင့် ကျောင်းသားများသည် ၎င်းတို့ဆရာ/မများထံမှ သတင်းစကားကို အနည်းဆုံး တစ်ပတ်တွင် နှစ်ကြိမ်၊ မေလကုန်အထိ ကြားရမှာဖြစ်ပါသည်။

## အိမ်တွင်သင်ယူခြင်းအစီအစဉ်

အထက်တန်းကျောင်းသားများအတွက် အွန်လိုင်းမှသင်ကြားခြင်းကို အဓိကအာရုံစိုက်မှာဖြစ်ပြီး၊ မူကြို- သူငယ်တန်း - ၈ တန်းကျောင်းသားများအတွက်ကို စက္ကူဖြင့် အထုတ်များကို စာတိုက်မှတဆင့်ပို့ခဲ့ပြီးဖြစ်ပြီး၊ ဒစ်ဂျစ်တယ်သင်ယူနည်းဖြင့် အာရုံစိုက်သွားမှာဖြစ်ပါသည်။

- မူကြို- သူငယ်တန်း- ၈တန်း ကျောင်းသားများအတွက် စက္ကူစာရွက်ဖြင့်အဓိကအာရုံစိုက်မှာဖြစ်သောကြောင့် ပထမအကြိမ်စာရွက်ထုတ်သည် နောက်တစ်ပတ်အတွင်းရောက်ရှိလာမှာဖြစ်ပါသည်။ ဧပြီလ ၂၀ ရက်မှ စ၍ ဆရာ/မများသည် သင်္ချာ နှင့် အင်္ဂလိပ်ဘာသာရပ်များအတွက် အိမ်စာများကို ထိုအထုတ်၌ ထည့်ပေးကြမှာဖြစ်ပါသည်။ မိသားစုများအနေဖြင့် လွတ်လပ်သည့်အချိန်တိုင်းတွင်ဤသင်ခန်းစာများကိုလုပ်နိုင်ပါသည်။
    - မူလတန်း နှင့် အလယ်တန်း ဆရာ/မများသည် ထိုစာရွက်ဖြင့်ပို့ထားသောသင်ခန်းစာများလေ့လာသော အခါ Google Classroom, Clever သို့မဟုတ် Seesaw စသည့်တို့ဖြင့်ဖြည့်စွပ်ပေးနိုင်ရန် အွန်လိုင်းလှုပ်ရှားမှုများပေးပို့ပေးပါသည်။ (Seesaw သည်မူလတန်းကျောင်းသားများအတွက်သာဖြစ်ပါသည်။ Clever နှင့် Google Classroom တို့သည် အတန်းအားလုံးအတွက်ဖြစ်ပါသည်။)

- BCCHS တွင် ၉-၁၂ တန်းတက်ရောက်နေသောကျောင်းသားများသည် Google Classroom နှင့် Clever အသုံးပြု ပြီး အွန်းလိုင်းတွင်သင်ကြားကြပါမည်။ ၎င်းတို့ယူထားသောဘာသာရပ်တိုင်းအတွက် တစ်ပတ်တွင် အိမ်စာတစ်ခု စီလက်ခံရရှိနေမှာဖြစ်ပါသည်။
- လက်မှုပညာ၊ တေးဂီတ နှင့် ကိုယ်ကာယလှုပ်ရှားမှု စသည့် ဘာသာရပ်များအတွက် သင်ကြားပေးသောဆရာ/မ များမှ ဒီဂျစ်ဒယ် သင်ကြားနည်းဖြင့်ဆက်လက်သင်ကြားပေးနိုင်ပါသည်။

တစ်ဦးချင်းကို အဓိကအာရုံစိုက်ပြီးသင်ယူရသောကျောင်းသားများ သို့မဟုတ် IEP ကျောင်းသားများအတွက် ၎င်းတို့၏ ပင်တိုင်ဆရာများ၊ အထူးသင်ကြားပေးသောဆရာများ နှင့် အခြားပညာရှင်များ၏ ပံပိုးခြင်းကို ဤပြညာသင် နှစ်ကုန်အထိ ရရှိနေမှာဖြစ်ပါသည်။ EL ကျောင်းသားများလည်း ဆက်လက်ပြီး၊ အကူအညီရရှိနေမှာဖြစ်ပါသည်။ EL ဆရာများ နှင့် EL နည်းပြ(tutor) များသည် အိမ်တွင်သင်ကြားခြင်းအစီအစဉ် at-Home Learning အစီအစဉ်ကို ကျောင်းသားများပညာသင် ကြားနိုင်ရန် ကျောင်းသားမိသားစုများနှင့်ချိတ်ဆက်ပေးရန်ဖြစ်ပါသည်။

ရမှတ်ရည်တွက်ခြင်း (GRADING)
မူကြို- သူငယ်တန်း- ၅ တန်း ကျောင်းသားများသည် ဤကျောင်းပိတ်ရက်အတွင်း ၎င်းတို့၏ အိမ်စာများ၏တုံ့ပြန်ချက်များ ကိုဆရာ/မများထံမှရရှိကြမှာဖြစ်ပါသည်။ သတ်မှတ်ထားပေးသောသင်ခန်းစာများအိမ်စာများပြီးမြောက်နိုင်အောင်အားပေး ပါ။ သို့ရာတွင် ဤစာသင်ချိန်(semester) အတွက် အက္ခရာစာလုံးဖြင့်ရမှတ်များရလိမ့်မည်မဟုတ်ပါ။

၆-၈ တန်းကျောင်းသားများ နှင့် BCCHS တွင် ၉-၁၂ တန်းတက်ရောက်နေသောကျောင်းသားများအတွက် စာသင်နှစ်ကုန် သောအခါ ၎င်းတို့၏ အလုပ်တာဝန်ပြီးစီးမှုများကို ဆရာ/မများမှအကဲဖြတ်သုံးသပ်သွားမှာဖြစ်ပါသည်။ စာသင်ကျောင်း အဆောက်အအုံတစ်ခုစီမှ သတ်မှတ်ထားသော အတန်းအလိုက် လေ့ကျင့်မှုနှင့်ပတ်သက်သောတိကျသည့် ဆက်သွယ်မှု များကို လာမည့်ရက်သတ္တပတ်တွင်ဖြန့်ဝေမှာဖြစ်သောကြောင့် စာသင်ကျောင်းမှမေးခွန်းများကိုသေချာစွာဖြေဆိုနိုင်ရန် မိဘများအနေဖြင့် မိမိကလေးတက်ရောက်နေသောစာသင်ကျောင်းကိုဆက်သွယ်နိုင်ပါသည်။

W.K.Prep ကျောင်းသားများသည် ဆက်လက်ပြီး၎င်းတို့၏ အွန်လိုင်းသင်ကြားခြင်းနှင့် ချိတ်ဆက်မှုရှိနေပြီး၊ သင်ကြားခြင်း လမ်းကြောင်းပေါ်တွင်ရှိနေကြပြီဖြစ်သောကြောင့် ၎င်းတို့ပြီးမြောက်သည့်ဘာသာရပ်အတိုင်း ခရက်ဒစ်(credits) ရရှိကြမည် ဖြစ်ပါသည်။

**အသုံးချနည်းပညာဝေပေးခြင်း။(Technology Distribution)**

အချို့သောမိသားစုများတွင် ကျောင်းသားများအွန်လိုင်း၌စာကြည့်ရန်ကွန်ပြူတာမရှိဟုသိရသောကြောင့် လိုအပ်သော မိသားစုများအတွက် Chromebook ဝေပေးမှာဖြစ်ပါသည်။ **Chromebook များကို လာမည့်ရက်သတ္တပတ်မှစတင်ပြီးဖြန့် ဝေပေးမှာဖြစ်ပါသည်**။တနင်းလာနေ့၊ ဧပြီလ ၁၃ ရက်နေ့တွင် Central အထက်တန်းကျောင်းသားများနှင့် သက်ကြီးပညာ ရေး(Adult Education) ကျောင်းသားများအတွက် ဝေပေးမှာဖြစ်ပြီး၊

တနင်းလာနေ့၊ ဧပြီလ ၂၀ ရက်နေ့တွင် မူလတန်း နှင့် အလယ်တန်း ကျောင်းသားများအတွက် ဝေပေးမှာဖြစ်ပါသည်။ အကယ်၍သင့်မိသားစုအတွက် ကွန်ပြူတာလိုအပ်ပါက၊ ဤသတ်မှတ်ထားသောအချိန်တွင်လာရောက်ထုတ်ယူနိုင်ပါသည်။

ကျေးဇူးပြု၍ Chromebooks များသည် အိမ်ထောင်တစ်ခုတွင် တစ်ခုစီထုတ်ယူရန်ကန့်သတ်ထားပါသည်။ ကျောင်းသား တစ်ဦးချင်းစီအတွက်လုံလောက်မှုမရှိသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်သင့်အိမ်တွင်အသုံးပြု၍ရသောကွန်ပြူတာမရှိပါက၊ Chromebook ကိုထုတ်ယူဖို့ပြောပြလိုပါသည်။

အကယ်၍သင့်နေအိမ်တွင် Wifi မရှိသေးပါက၊ Comcast and AT&T မှ အခမဲ့ဖြင့်ဆောင်ရွက်ပေးမှာဖြစ်ပါသည်။ အကယ်၍ သင်နေထိုင်သောဧရိယာတွင် အင်တာနက်ဆက်သွယ်မှုမရှိသေးပါက၊ (၂၆၉) ၂၄၅-၆၁၂၉ သို့မဟုတ် fmcgee@battlecreekpublicschools.org သို့ဆက်သွယ်နိုင်ပါသည်။ သင့်ကိုကူညီရန်ကျွန်ုပ်တို့ရှိနေပါသည်။

## ထိုပစ္စည်းများကိုမည်သည့်နေရာတွင်ထုတ်မှာလဲဆိုသည့်ညွှန်ကြားချက် (Pickup Instructions)

Chromebook များကိုထုတ်ယူသောအခါလာရောက်ထုတ်ယူသောသူသည် မိမိကားထဲမှာဘဲနေပြီး တာဝန်ရှိသူများမှ သင့် ထံသို့ပေးပါမည်။ ၎င်းကို curbside pickup ဟုခေါ်ပါသည်။ လာရောက်ထုတ်ယူသောသူသည် လုံခြုံသောလူမှုရေးအကွာ အဝေး(social distancing) ကိုထိန်းသိမ်းသောအနေဖြင့်မိမိကားထဲမှာနေပြီး ကားတံခါးကိုဖွင့်ထားပေးပါ။ မိဘ/အုပ်ထိန်း သူများကိုယ်တိုင် ဤပစ္စည်းယူရာတွင်ကိုယ်တိုင်ပါဝင်ရမည်ဟုသတ်မှတ်ထားခြင်းမရှိပါ။

ကျွန်ုပ်တို့၏ နေထိုင်ရာပတ်ဝန်းကျင်အသိုင်းအဝိုင်းလုံခြုံမှုရှိဖို့ သင်နာမကျန်းဖြစ်ပါက၊ ဤနေရာကိုမလာပါနှင့်။ အကယ်၍ ကွန်ပြူတာထုတ်ဖို့ရန်အဆင်မပြေသောအကြောင်းအရာတစ်စုံတစ်ခုရှိပါက၊ (၂၆၉) ၂၄၅-၆၁၂၉ ကိုခေါ်ပြီး၊ သင့်နာမည် နှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်ကိုထားခဲ့ပါ။ သို့မဟုတ် fmcgee@battlecreekpublicschools.org သို့စာပို့နိုင်ပါသည်။

## အထက်တန်းကျောင်းသားများ နှင့် သက်ကြီးပညာရေးကျောင်းသားများအတွက်

ဤကျောင်းသားများအတွက် Chromebook ထုတ်ယူရမည့်နေ့စွဲမှာ တနင်းလာနေ့၊ ဧပြီလ ၁၃ တွင်စတင်ပြီး၊ ဗုဒ္ဓဟူး နှင့် သောကြာ နေ့များတွင် နံနက် ၁၁း၀၀ - နေ့လည် ၁း၃၀ အတွင်း Battle Creek Area Math and Science Center ယာဉ်ထိုးရာနေရာ 201 W Michigan Ave တွင်ဖြစ်ပါသည်။

## အလယ်တန်းကျောင်းသား နှင့် မူလတန်းကျောင်းသားများအတွက်

ဤကျောင်းသားများအတွက် Chromebook ထုတ်ယူရမည့်နေ့စွဲမှာ တနင်းလာနေ့၊ ဧပြီလ ၂၀ တွင်စတင်ပြီး၊ ဗုဒ္ဓဟူး နှင့် သောကြာ နေ့များတွင် နံနက် ၁၁း၀၀ - နေ့လည် ၁း၃၀ အတွင်း Battle Creek Area Math and Science Center ယာဉ်ထိုးရာနေရာ 201 W Michigan Ave တွင်ဖြစ်ပါသည်။

သင့်ကိုကူညီပေးရန်ကျွန်ုပ်တို့ရှိပါသည်။(We are Here to Support You)

သင်သိလိုသောမေးခွန်းများအားလုံးတတ်နိုင်သ၍ဖြေဆိုနိုင်ရန်ကျွန်ုပ်တို့အနေဖြင့် ဤနေရာတွင်ရှိနေတာဖြစ်ပြီး၊
ခက်ခဲနေ သောအရာနှင့်
မဖြေရှင်းနိုင်သောအခက်အခဲများကို ကျောင်းသားများအတွက်အတူတကွလျှောက်လှမ်းကြပါမည်။

ကျွန်ုပ်တို့၏မိသားစုများနှင့် ကျောင်းသားများအားလုံးအတွက် ဘေးမဲ့လုံခြုံမှုနှင့် အကောင်းဆုံးရပ်တည်နိုင်ရန်ကြိုးစားအားထုတ်ပေးသော စေတနာ့ဝန်ထမ်းသူရဲကောင်းများအားလုံးကို ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့၏ နေထိုင်ရာလူထုအသိုင်းအဝိုင်းအတွက်ကိုလည်းဂုဉ်ယူပါသည်။ ယခုလိုအကြပ်အတည်း၊ အခက်အခဲကြုံတွေ့နေစဉ်ကာလအတွင်း Battle Creek ကြည်သူများသည် တစ်ဦးကိုတစ်ဦးယိုင်းပင်းကူညီမှုပေးသောသူရဲကောင်းများစွာရှိကြောင်းပြသနေပါသည်။

ဤကြပ်တည်း၊ ခက်ခဲနေသောအချိန်ကာလမှာ သင့်ရဲ့စွမ်းအား နှင့် ဦးဆောင်မှု နှင့် ဘေးကင်းလုံခြုံမှုရှိရန် နေအိမ်တွင်နေထိုင်ပေးမှုအတွက်ကျေးဇူးအထူးတင်ရှိပါသည်။ BCPS ကသင့်ကိုကူညီရန်ရှိနေသည်ဆိုတာမမေ့နဲ့နော်။
အကယ်၍သင့်အနေဖြင့်စုံစမ်းသိရှိလိုသောအကြောင်းအရာများရှိပါက၊

- နည်းပညာအကူအညီအတွက်ကျေးဇူးပြု၍ helpdesk@battle-creek.k12.mi.us
- အင်တာနက်စသည့်ပံ့ပိုးမှုကိရိယာများအကြောင်း၊ အစာထုတ် နှင့် အခြားအထွေထွေကိစ္စရပ်များနှင့်ပတ်သက်သည့်အကြောင်းအရာများသိရှိလိုပါက (၂၆၉) ၂၄၅-၆၁၂၉ သို့မဟုတ် fmcgee@battlecreekpublicschools.org သို့ဆက်သွယ်ပေးနိုင်ပါသည်။
- စပိန်ဘာသာစကားအတွက်အကူအညီလိုအပ်ပါက (၂၆၉) ၄၁၉-၁၉၇၈ သို့မဟုတ် erocainfantes@battlecreekpublicschools.org သို့ဆက်သွယ်နိုင်ပါသည်။
- မြန်မာဘာသာစကားအတွက်အကူအညီလိုအပ်ပါက (၂၆၉) ၆၇၁-၆၇၂၉ သို့မဟုတ် sthluai@battle-creek.k12.mi.us သို့ရင်းဆက်သွယ်နိုင်ပါသည်။

ကျေးဇူးအထူးတင်ရှိပါသည်။
BCPS အဖွဲ့များ